**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ( ၁ /၂၀၁၈)**

**၁၃၈၀ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၁) ရက်**

**၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်**

**ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ ကောက်ခံရမည့် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများပြင်ဆင်ခြင်း**

၁။ မြန်မာနိုင်ငံ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း (၃) ပုဒ်မ ၁၁၊ ပုဒ်မခွဲ ဃ အရ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ မှန်ကန်စွာနှင့် အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ၏ အလုပ်ချိန်နှင့် ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများအား အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့ပါသည်။

၂။ ယခုအခါ ဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံသူနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးပွားလာစေရန် အလို့ငှာ ငွေချေးသက်သေခံလက်မှတ် အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်ပါသည်-

| စဉ် | ရောင်းဝယ်မှုပမာဏ | အကျိုးဆောင်ခ |
|---|---|---|
| (က) | ကျပ် ၅၀၀,၀၀၀ ထက်လျော့နည်းပါက | ရောင်းဝယ်မှုပမာဏ၏ ၁% |
| (ခ) | ကျပ် ၅၀၀,၀၀၁ မှ ကျပ် ၁၀၀၀၀၀၀ အထိ | |
| (ဂ) | ကျပ် ၁,၀၀၀,၀၀၁ မှ ကျပ် ၁၀,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၇% |
| (ဃ) | ကျပ် ၁၀,၀၀၀,၀၀၁ မှ ကျပ် ၁၀၀,၀၀၀,၀၀၀ အထိ | ရောင်းဝယ်မှုပမာဏ၏ ၀.၅% |
| (င) | ကျပ် ၁၀၀,၀၀၀,၀၀၁ ထက်ကျော်ပါက | ရောင်းဝယ်မှုပမာဏ၏ ၀.၄% (ကျပ် ၄၀၀,၀၀၀ ထက်မပိုစေရ) |

၃။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်